## ၂၀၂၆ ခုနှစ်၊ အနှစ်ချုပ်

## ဖေဖော်ဝါရီလအတွင်း အရပ်သားများအပေါ် အကြမ်းဖက်မှု

| | | | |
|---|---|---|---|
| ၁၆၀ ဦး | အရပ်သား အသတ်ခံရမှု | ၅၅၆ ဦး | အရပ်သား ဖမ်းဆီးခံရမှု |
| ၆၂ ဦး | အမျိုးသမီး အသတ်ခံရမှု | ၅၅၀ လုံး | နေအိမ်မီးရှို့ပျက်စီးမှု |
| ၂၂ ဦး | ကလေးများ အသတ်ခံရမှု | ၂၈၀ ကြိမ် | လေကြောင်းတိုက်ခိုက်မှု |

### ဖေဖော်ဝါရီလအတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကော်မရှင်တပ်၏ လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၁၆၀ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၂၂ ဦး၊ အမျိုးသမီး ၆၂ ဦး ပါဝင်ပါသည်။

စစ်ကိုင်းတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၃၉ ဦး သေဆုံးခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ၃၃ ဦး၊ မကွေးတိုင်းတွင် ၂၁ ဦး၊ ကချင်ပြည်နယ်တွင် ၂၀ ဦး၊ မန္တလေးတိုင်းတွင် ၁၄ ဦး၊ တနင်္သာရီတိုင်းတွင် ၁၁ ဦး၊ မွန်ပြည်နယ်တွင် ၈ ဦး၊ ကရင်ပြည်နယ်တွင် ၇ ဦး၊ ပဲခူးတိုင်းတွင် ၃ ဦး၊ ကရင်နီပြည်နယ်တွင် ၂ ဦး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံ အနှံ့အပြားတွင် ဖေဖော်ဝါရီလအတွင်း စစ်ကော်မရှင်တပ်မှ လေကြောင်းတိုက်ခိုက်မှု ၂၈၀ ကြိမ် ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၁၀၆ ကြိမ်၊ မကွေးတိုင်းတွင် ၃၆ ကြိမ်၊ တနင်္သာရီတိုင်းတွင် ၂၉ ကြိမ်၊ ကရင်ပြည်နယ်တွင် ၂၅ ကြိမ်၊ ချင်းပြည်နယ်တွင် ၂၃ ကြိမ်၊ မန္တလေးတိုင်းတွင် ၁၆ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၁၅ ကြိမ်၊ ကချင်ပြည်နယ်တွင် ၁၄ ကြိမ်၊ ပဲခူးတိုင်းတွင် ၉ ကြိမ်၊ ကရင်နီပြည်နယ်တွင် ၄ ကြိမ်နှင့် ဧရာဝတီတိုင်းတွင် ၃ ကြိမ်တို့ ဖြစ်ပါသည်။

## မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ် ၂ ပြည်နယ်နှင့် တိုင်း ၅ တိုင်းတွင် ဖေဖော်ဝါရီလအတွင်း စစ်ကော်မရှင်တပ်မီးရှို့သဖြင့် နေအိမ် ၅၅၀ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။ မန္တလေးတိုင်းတွင် နေအိမ် ၂၁၃ လုံး၊ တနင်္သာရီတိုင်းတွင် ၁၁၀ လုံး၊ ပဲခူးတိုင်းတွင် နေအိမ် ၁၀၀ လုံး၊ မကွေးတိုင်းတွင် နေအိမ် ၈၉ လုံး၊ ရခိုင်ပြည်နယ်တွင် နေအိမ် ၂၃ လုံး၊ စစ်ကိုင်းတိုင်းတွင် နေအိမ် ၁၄ လုံးနှင့်  ချင်းပြည်နယ်တွင် နေအိမ် ၁ လုံးတို့ ဖြစ်ကြပါသည်။

## အရပ်သားပြည်သူ ဖမ်းဆီးခံရမှုများ

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စစ်ကော်မရှင်တပ်သည် မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်နယ် ၄ ပြည်နယ်နှင့် တိုင်း ၆ တိုင်းတွင် အပြစ်မဲ့ပြည်သူပေါင်း ၅၅၆ ဦး ဖမ်းဆီးခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၂၈၃ ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၅၀ ဦး၊ တနင်္သာရီတိုင်းတွင် ၄၈ ဦး၊ မကွေးတိုင်းတွင် ၄၂ ဦး၊ မွန်ပြည်နယ်တွင် ၃၇ ဦး၊ ရခိုင်ပြည်နယ်တွင် ၃၀ ဦး၊ မန္တလေးတိုင်းတွင် ၃၂ ဦး၊ ရန်ကုန် တိုင်းတွင် ၁၅ ဦး၊ ဧရာဝတီတိုင်းတွင် ၁၀ ဦးနှင့် ချင်းပြည်နယ်တွင် ၉ ဦးတို့ ဖြစ်ကြပါသည်။

**ဖေဖော်ဝါရီလ ၀၁ ရက်မှ ၂၈ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

## ဖေဖော်ဝါရီလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

| | |
|---|---|
| ၈၁၇ ဦး | စစ်ကော်မရှင်တပ်သား သေဆုံး |
| ၂၅ ဦး | PDF ရဲဘော်များ ကျဆုံး |
| ၂၄၈ ကြိမ် | တိုက်ပွဲ အကြိမ်အရေအတွက် |

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၂၄၈ကြိမ် ဖြစ်ပွားခဲ့ပြီး ကရင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၆၃ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်တွင် တိုက်ပွဲ အကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၃၇ ကြိမ် ဖြစ်ပွားခဲ့သည်။ ကရင်နီပြည်နယ်တွင် ၃၃ ကြိမ်၊ မကွေး တိုင်းတွင် ၂၃ ကြိမ်၊ ပဲခူးတိုင်းတွင် ၁၉ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၁၅ ကြိမ်၊ မွန်ပြည်နယ်တွင် ၁၂ ကြိမ်၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁၀ ကြိမ်စီ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၉ ကြိမ်၊ ချင်းပြည်နယ်တွင် ၆ ကြိမ် နှင့် ရခိုင်ပြည်နယ်တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဖေဖော်ဝါရီလအတွင်း တိုက်ပွဲများတွင် စစ်ကော်မရှင်တပ်သား ၈၁၇ ဦး သေဆုံးခဲ့သည်။ စစ်ကော်မရှင်တပ်သား သေဆုံးမှုအများဆုံးမှာ ရှမ်းပြည်နယ်တောင်ပိုင်းဖြစ်ပြီး စစ်ကော်မရှင်တပ်သား ၂၁၃ ဦး သေဆုံးခဲ့သည်။ မကွေးတိုင်း တွင် ၁၁၈ ဦး၊ မန္တလေးတိုင်းတွင် ၁၀၅ ဦး၊ ကရင်နီပြည်နယ်တွင် ၁၀၀ ဦး၊ ပဲခူးတိုင်းတွင် ၉၅ ဦး၊ ချင်းပြည်နယ်တွင် ၄၁ ဦး၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၃၈ ဦးစီ၊ စစ်ကိုင်းတိုင်းတွင် ၂၆ ဦး၊ ရခိုင်ပြည်နယ်တွင် ၂၀ ဦး၊ မွန်ပြည် နယ်တွင် ၁၅ ဦးနှင့် ကရင်ပြည်နယ်တွင် ၈ ဦးတို့ သေဆုံးခဲ့ပါသည်။ ဖေဖော်ဝါရီလအတွင်း တော်လှန်ရေးပူးပေါင်း တပ်ဖွဲ့ဝင် ၂၅ ဦး ကျဆုံးခဲ့သည်။



